## ၁-၃ "သက်ဆိုင်ရာ မော်တာစက်ဘီးငယ်များ" (လျှပ်စစ်စကူတာများ / သုံးဘီးစကူတာများ စသည်ဖြင့်) စီးနင်းသူများအတွက် ဘေးကင်းလုံခြုံရေး လမ်းညွှန်ချက်များ

- လျှပ်စစ်စကူတာ စီးနင်းရန် ယာဉ်မောင်းလိုင်စင် မလိုအပ်သော်လည်း၊ အသက် 16 နှစ်အောက် ရှိသူများကို စီးနင်းခွင့် တားမြစ်ထားသည်။
- ယာဉ်သည် "သက်ဆိုင်ရာ မော်တာစက်ဘီးငယ်များ" ၏ သတ်မှတ်အရွယ်အစား၊ တည်ဆောက်ပုံ စံချိန်စံညွှန်းများနှင့် မကိုက်ညီပါက၊ အသုံးပြုရန် ယာဉ်မောင်းလိုင်စင် လိုအပ်ပါမည်။
- လိုင်စင်နံပါတ်ပြား တပ်ရန်နှင့် တာဝန်အရ အာမခံအတွက် စာရင်းသွင်းရန်လည်း လိုသည်။
- လျှပ်စစ်စကူတာများကို လမ်းမ၏ ဘယ်ဘက်ခြမ်းတွင် စီးနင်းရမည်။ ညာဘက်တွင် မစီးနင်းရပါ။
- မီးပွိုင့်များနှင့် လမ်းညွှန်သင်္ကေတအားလုံးကို လိုက်နာပါ။
- အရက်သောက်ပြီးနောက် လျှပ်စစ်စကူတာကို လုံးဝ မစီးနင်းရပါ။
- အရက်မူးနေသူကို လျှပ်စစ်စကူတာ မငှားရမ်းပါနှင့် သို့မဟုတ် လျှပ်စစ်စကူတာ စီးနင်းသွားနိုင်သူကို အရက်သောက်ရန် မတိုက်တွန်းပါနှင့်။



- စကူတာကို နှစ်စီးတွဲ သို့မဟုတ် ဘေးချင်းယှဉ်၍ မစီးနင်းရပါ။
- စကူတာ စီးနေချိန်တွင် ထီး သို့မဟုတ် မိုဘိုင်းဖုန်း မသုံးရပါ။
- မတော်တဆမှု ဖြစ်ပွားပါက၊ စကူတာ စီးခြင်းကို ရပ်ပြီး ဒဏ်ရာရသူကို ကူညီပါ၊ မတော်တဆမှုကို ရဲဌာနသို့ သတင်းပို့ပါ။
- လျှပ်စစ်စကူတာ စီးနင်းချိန်တွင် ဦးထုပ်ဆောင်းထားကြောင်း သေချာပါစေ။

**အသေးစိတ်အတွက် ဖော်ပြပါ ဝက်ဘ်ဆိုဒ်ကို ကြည့်ပါ-**

https://www.npa.go.jp/english/bureau/traffic/index.html

